# စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

\

# စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၃ ခုနှစ် ၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁ ။ )

၁၃၇၄ ခုနှစ် ၊ တပေါင်းလပြည့်ကျော်  ၅  ရက်

( ၂၀၁၃ ခုနှစ် ၊ မတ် လ  ၃၁  ရက် )

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၃။ အစိုးရသည် စည်ပင်သာယာရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး ဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော စည်ပင်သာယာရေး ကော်မတီကို ဖွဲ့စည်းရမည်-

| | |
|---|---|
| (က) မြို့မိမြို့ဖများမှ ရွေးချယ်ထားသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (ခ) လူမှုရေး(သို့မဟုတ်)စီးပွားရေးအဖွဲ့အစည်းမှ ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (ဂ) သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင် ပညာအခြေပြု အဖွဲ့အစည်းများမှ ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (ဃ) မြို့မိမြို့ဖများမှ ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (င) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | အဖွဲ့ဝင် |
| (စ) ဒုတိယဦးစီးမှူး၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) အမှုဆောင်အရာရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အတွင်းရေးမှူး |

၄။ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေတွင် ပုဒ်မ ၅ နှင့် ပုဒ်မ ၆ ကို ပယ်ဖျက်ရမည်။

၅။ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေပုဒ်မ ၇ မှ ပုဒ်မ ၈၉ အထိ အစဉ်အတိုင်း သတ်မှတ်ထားသည့် အမှတ်စဉ်များကို အမှတ်စဉ်နှစ်ခုစီလျှော့၍ ပုဒ်မ ၅ မှ ပုဒ်မ ၈၇ အဖြစ် အစဉ်အတိုင်း ပြင်ဆင်သတ်မှတ်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သာအေး

ဝန်ကြီးချုပ်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့